BURMESE

ဂက်တီးစဘက် တိုက်ပွဲနေရာတွင် စစ်သင်းချိုင်း အဖြစ်ဖြင့်၊
အထိမ်းအမှတ် ပြုပွဲ၌ဟောပြောမိန့်ခွန်း။

ဤယနေ့မှစ၍ရေသော် လွန်ခဲ့သော ရှစ်ဆယ့်ခုနစ်နှစ်ကာလအခါက၊ ကျွန်ုပ်တို့၏ဘိုးဘေးဘီဘင်တို့သည်၊ ဤအမေရိကတိုက်တွင်လူသစ်ပြည်သစ်ကိုထူထောင်ခဲ့ကြသည်။ ထိုလူသစ်ပြည်သစ်သည် အခြားမဟုတ်၊ လွတ်လပ်ရေးစိတ်ဓါတ်၌ သန္ဓေတည်ခဲ့သည်လည်းဖြစ်၍၊ လူခပ်သိမ်းကိုဘုရားသခင်ကညီတူညီမျှဖန်ဆင်းသည်ဟူသောတရားတော်ကိုလက်ကိုင်ပြုခဲ့သည်လည်းဖြစ်သောလူသစ်ပြည်သစ်ဖြစ်သည်။

ယခုအခါတွင်ကျွန်ုပ်တို့သည်ပြည်တွင်းစစ်နှင့်ကြုံနေရသည်။ ဤပြည်တွင်းစစ်သည် ဤတိုင်း၊ ဤပြည်၏တည်တံ့ခိုင်မြဲရေးအတွက်သော်၎င်း၊ အထက်ကဆိုခဲ့သည့်အတိုင်းလွတ်လပ်ရေးစိတ်ဓါတ်၌သန္ဓေတည်ခဲ့သည်လည်းဖြစ်၍၊ လူခပ်သိမ်းကိုဘုရားသခင်ကညီတူညီမျှဖန်ဆင်းသည်ဟူသောတရားတော်ကိုလက်ကိုင်ပြုခဲ့သည်လည်းဖြစ်သော၊ တိုင်းပြည်တခုခု၏တည်တံ့ခိုင်မြဲရေးအတွက်သော်၎င်း၊ မှတ်ကျောက်သဘွယ်ဖြစ်သည်။ ယခုအခါတွင် ကျွန်ုပ်တို့သည် ဤပြည်တွင်းစစ်၏စစ်မြေပြင်ပေါ်သို့ရောက်လာခဲ့ကြပြီ။ ဤသို့ရောက်လာခဲ့ကြခြင်းသည်၊ ဤစစ်မြေပြင်၏တစိတ်တဒေသကို၊ လူသစ်ပြည်သစ်၊ တည်တံ့မြဲအောင် အသက်စွန့်ခဲ့ကြသော အာဇာနည်များအတွက် ခေါင်းချရာအရပ်အဖြစ်ဖြင့် သတ်မှတ်အပ်နှင်းရန်ဖြစ်သည်။ ထိုသို့သတ်မှတ် အပ်နှင်းခြင်းသည် ပြုသင့်ပြုထိုက်သော အမှုပင်ဖြစ်သည်။

အမှန်စင်စစ်မှာ ဤနေရာကိုကျွန်ုပ်တို့က ဤသို့သတ်မှတ်အပ်နှင်း နိုင်သည်လည်းမဟုတ်။ သမုတ်နိုင်လည်းမဟုတ် အလေးအမြတ် ပြုနိုင်သည်လည်းမဟုတ်။ ဤစစ်မြေပြင်၌ သက်စွန့်ကြိုးပမ်း အမှုထမ်းခဲ့ကြသောသေလူရော၊ ရှင်လူတို့ကပါ သမုတ်ခဲ့ကြခြင်းသာဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သမုတ်သည်ထက်သာလွန်တူးကဲမြင့်မြတ်လှပေသည်။ ဤနေရာတွင်ကျွန်ုပ်တို့၏ချီးကျူးစကားကို၊ ကမ္ဘာကသိလျှင်လည်းနည်းနည်းသာဖြစ်မည်။ မှတ်မိလျှင်လည်း တခဏကြာမျှသာဖြစ်မည်။ သို့ရာတွင် ဤအာဇာနည်ပုဂ္ဂိုလ်တို့ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သည် တို့ကိုကား ကမ္ဘာကမေ့နိုင်တော့မည်မဟုတ်။ အမှန်စင်စစ်မှာ ထိုသို့သတ်မှတ် အပ်နှင်း၍ သမုတ်ခြင်း၏ သဘောသည် ကျွန်ုပ်တို့အတွက်သာဖြစ်ရာ၊ သက်စွန့်ကြိုးပမ်းအမှုထမ်းခဲ့ကြသောအာဇာနည်တို့၏ မပြီးဆုံးသေးသောလုပ်ငန်းကို ကျွန်ုပ်တို့ကဆက်လက်၍ လုပ်ကိုင်သွားရန်ဖြစ်သည်။ ကျွန်ုပ်တို့အဘို့မှာ၊ ကျဆုံးခဲ့သော အာဇာနည်တို့၏ရည်မှန်းချက်ပန်းတိုင်အတွက်၊ ထိုအာဇာနည်တို့၏ စိတ်ဓါတ်မျိုးကိုဆထက်ထမ်းပိုးတိုး၍ပွားများကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့အဘို့မှာ၊ ကျဆုံးခဲ့သော သူတို့သည်အကျိုးမဲ့အသက်စွန့်ခဲ့ကြသည်၏အဖြစ်သို့မရောက်အောင် အလေးအနက်သန္နိဋ္ဌာန်ချမှတ်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့အဘို့မှာ၊ ဘုရားသခင်ဖန်ဆင်းခဲ့သော ဤလူသစ်ပြည်သစ်တွင် လွတ်လပ်ရေးသစ်ရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့အဘို့မှာ ပြည်သူ့အကျိုးအတွက်၊ ပြည်သူကတင်မြှောက်သော ပြည်သူ့အစိုးရသည် ဤကမ္ဘာမြေပြင်၌ကွယ်ပျောက်ခြင်းမရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

အေဘရာဟင် လင်ကွန်း

၁၈၆၃ ခု၊ နိုဝင်ဘာလ ၁၉ ရက်။

မြန်မာဘာသာ ပြန်ဆိုသူ သန်းထွတ်။